**မြန်မာ - သတ်ဖြတ်မှုတွေ အဆုံးသတ်ဖို့ လက်တွေ့လုပ်ဆောင်မှုလိုအပ်ဟု ကုလလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အပေါ် ကုလလူ့အခွင့်အရေးကိုယ်စားလှယ် တုန့်ပြန်**

*နယူးယောက်၊ ဂျနီဗာ (၂၁ ဒီဇင်ဘာ၊ ၂၀၂၂) ။ ။ လွန်ခဲ့တဲ့ ၂ နှစ်နီးပါး စစ်တပ်က အာဏာသိမ်းလိုက်ကတည်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံနဲ့ ပတ်သတ်ပြီး ပထမဆုံးအကြိမ် ဆုံးဖြတ်ချက်ချလိုက်တာအပေါ် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အင်ဒရူးစ်က တုန့်ပြန်ရာမှာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ တကယ့်လက်တွေ့ လုပ်ဆောင်မှုတွေ မရှိရင် မြန်မာနိုင်ငံအကြပ်အတည်းက ပိုဆိုးလာလိမ့်မယ်လို့ ပြောကြားပါတယ်။*

*ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွမ်အင်ဒရူးစ်က အောက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်ပါတယ်။*

"လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးမှာ စစ်တပ်က မြန်မာပြည်သူတွေကို ရက်ရက်စက်စက် နှိပ်ကွပ်မှုတွေ လုပ်နေကတည်းက ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချတာ ထူးခြားပါတယ်။ ဗိုလ်တိုအာဏာသုံးပယ်ချမှုကို ရှောင်လွှဲနိုင်ဖို့ လုပ်ဆောင်နိုင်မယ့် ဆုံးဖြတ်ချက် မူကြမ်းရေးဆွဲပေးပြီး ရှေ့ဆက်နိုင်အောင်လုပ်ဆောင်ခဲ့တဲ့ ဗြိတိန်နိုင်ငံနဲ့ လုံခြုံရေးကောင်စီ အဖွဲ့ဝင်တွေရဲ့ ကြိုးပမ်းမှုကို ကျွန်တော် အသိအမှတ်ပြု ကျေးဇူးတင်ပါတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လေးစားပေမဲ့ ကုလသမဂ္ဂရဲ့ အခန်း ၇ အာဏာကိုမသုံးပဲ "အထူးစိုးရိမ်ပူပန်ပါတယ်၊" "ဘယ်လိုလုပ်ဆောင်ချက်တွေ လုပ်မှုရမယ်" ဆိုတာမျိုးပြောနေယုံနဲ့ မြန်မာစစ်ကောင်စီက ၅၄ သန်းသော မြန်မာလူထုကို ဓားစာခံလုပ်ထားပြီး တိုက်ခိုက်နေတာတွေ၊ ဘဝတွေကို ဖျက်ဆီးနေတာကို ရပ်တန့်နိုင်မှာမဟုတ်ပါဘူး။ တကယ့်လက်တွေ့လုပ်ဆောင်မှု လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ စစ်ကောင်စီက လူထုကို နေ့စဉ်ကျူးလွန်နေတဲ့ စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ စစ်ရာဇဝတ်မှုအဆင့်၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုအဆင့်အထိ ရောက်ရှိနေပြီး၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ခိုင်မာအားကောင်းတဲ့ ပူးပေါင်းလုပ်ဆောင်မှု လိုအပ်ပါတယ်။ အခုဆုံးဖြတ်ချက်မှာ တောင်းဆိုမှုတွေပါဝင်ပါတယ်။ အကြမ်းဖက်မှုပုံစံမျိုးစုံကို ချက်ချင်းရပ်ပစ်ဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းတွေအတွက် အတားအဆီး မရှိဖွင့်ပေးဖို့၊ အမျိုးသမီးနဲ့ ကလေးသူငယ်အခွင့်အရေးကို လေးစားဖို့၊ ဒါတွေက အထူးအရေး ပါတယ်ဆိုပေမဲ့ အဲဒီအချက်တွေကို လိုက်နာဖို့ ပျက်ကွက်ရင် ဘယ်လို အကျိုးဆက်တွေနဲ့ ရင်ဆိုင်ရမလဲ၊ သူတို့အပေါ် အရေးယူပိတ်ဆို့မှုရဲ့ ရိုက်ခတ်ချက်၊ ယခုထိ စစ်တပ်က ကျူးလွန်တဲ့ ပြစ်မှုတွေအတွက် တာဝန်ခံမှု၊ ဒါတွေက ကျန်နေပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ အိုက်စလန်၊ နော်ဝေးနဲ့ အာရတ် စော်ဘွားများ ပြည်ထောင်စုတို့ ပြောသလို ဒီဆုံးဖြတ်ချက်မှာ ပြောဆိုတာတွေက ဒီထက်ပို ပြတ်သားဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော် အပြည့်အဝ ထောက်ခံပါတယ်။

မြန်မာနိုင်ငံက အကြပ်အတည်းကို အဆုံးသတ်နိုင်ဖို့ လိုအပ်တဲ့ လုပ်ဆောင်ချက်ကို လုံခြုံရေး ကောင်စီက မထုတ်ပြန်နိုင်ဘူးဆိုတာ ဒီဆုံးဖြတ်ချက်မှာ ပါဝင်တဲ့အချက်တွေမှာ ရှင်းရှင်းလင်းလင်း တွေ့ရပါတယ်။ ဒါ့ကြောင့် မြန်မာလူထုကို ထောက်ခံကူညီဖို့ ဆန္ဒရှိတဲ့ နိုင်ငံတွေအနေနဲ့ ဒီသတ်ဖြတ်မှုတွေ ချက်ချင်းအဆုံးသတ်အောင် ပူးပေါင်းဆောင်ရွက်မှု လုပ်ကိုလုပ်ရပါမယ်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်က နိုင်ငံတကာက ဘာမှ ဆောင်ရွတ်

အကောင်ထည်ဖော်မှုတွေ လိုက်မလာတဲ့ လမ်းဆုံး မဖြစ်သင့်ပါဘူး။ ပိတ်ဆို့ထိန်းချုပ်မှု အောက်ရောက်နေတဲ့ မြန်မာလူထုဘက်က ရှိတဲ့နိုင်ငံတွေအတွက် ဒီဆုံးဖြတ်ချက်က သတိပေးနှိုးဆွမှု ဖြစ်သင့်ပါတယ်။

မြန်မာပြည်သူတွေ အလိုအပ်ဆုံးဖြစ်တဲ့ "လုပ်တွေ့လုပ်ဆောင်မှု" ပေးအပ်ခြင်းအားဖြင့် သူတို့နဲ့အတူ ရပ်တည်ပေးဖို့ လိုလားတဲ့ နိုင်ငံတွေ စုပေါင်းဖွဲ့စည်းတဲ့ အလုပ်အဖွဲ့တဖွဲ့ ဖွဲ့စည်းဖို့ အချိန်ကျရောက်ပါပြီ။

မြန်မာနိုင်ငံနဲ့ ပတ်သတ်ရင် နိုင်ငံတကာအသိုက်အဝန်းက ပျက်ကွက်တယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတားရပ်စ် ပြီးခဲ့တဲ့လက ပြောကြားခဲ့တာ မှန်ပါတယ်။ အဲဒီလို ပျက်ကွက်မှုကို နောက်ကဘာမှ လိုက်မလာတဲ့ ဆုံးဖြတ်ချက်မျိုးနဲ့ ကုစားလို့မရပါဘူး။ သေချာပစ်မှတ်ထား ချိန်ဆတဲ့ ပူးပေါင်းလုပ်ဆောင်မှုနဲ့မှ တာဝန်သိသိ ကိုင်တွယ်နိုင်မှာပါ။ ဒီပျက်ကွက်မှုကို ဖာထေးဖို့ အဖွဲ့ဝင် နိုင်ငံတွေ လုပ်ဆောင်နိုင်တာတွေ ရှိပါတယ်။ စစ်တပ်ရဲ့ ထိုးစစ်တွေ အတွက် ငွေကြေးစီးဆင်းမှုကို ဖြတ်တောက်နိုင်ဖို့ ပူးပေါင်းအရေးယူမှုတွေ၊  လက်နက်ရောင်းချမှုနဲ့ အကောင်းအဆိုး ၂ မျိုးလုံးအတွက် သုံးနိုင်တဲ့ နည်းပညာကို တားမြစ်ဖို့ နဲ့ တကယ်လိုအပ်နေသူတွေဆီ ရောက်ရှိတဲ့ လူသားချင်းစာနာမှု အကူအညီတွေ သေချာ ပေးအပ်ဖို့ အပါအဝင် လုပ်ဆောင် ပေးနိုင်တာတွေ လုပ်ဆောင်ကြဖို့ ဖြစ်ပါတယ်။ တကယ်လိုအပ်တာက ဒီအချက်တွေ ဆုပ်ကိုင်ပြီးလုပ်ဆောင်ဖို့အတွက် နိုင်ငံရေးဆန္ဒပဲ ဖြစ်ပါတယ်။"

***မစ္စတာ သောမတ်စ် အင်ဒရူးစ် (အမေရိကန်ပြည်ထောင်စု) ဟာ မြန်မာနိုင်ငံလူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဖြစ်ပါတယ်။***